# မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်

# ဖွဲ့စည်းပုံစည်းမျဉ်း

# မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်

**Myanmar E-sport Federation (Mesf)**

ဖွဲ့စည်းပုံစည်းမျဉ်း

(၂၀၁၈)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အခန်း(၁)<br>အမည်၊ ရုံးနှင့်အမှတ်အသား | ၁ |
| ၂ | အခန်း(၂)<br>ရည်ရွယ်ချက်<br>လုပ်ငန်းစဉ် | ၁-၂ |
| ၃ | အခန်း(၃)<br>အဖွဲ့ဝင်ဖြစ်ခြင်း | ၃ |
| ၄ | အခန်း(၄)<br>အဖွဲ့ဝင်အဖြစ်လျှောက်ထားခြင်း | ၄-၅ |
| ၅ | အခန်း(၅)<br>အဖွဲ့ဝင်များ၏ရပိုင်ခွင့် | ၅ |
| ၆ | အခန်း(၆)<br>ယာယီရပ်ဆိုင်းခြင်း | ၆ |
| ၇ | အခန်း(၇)<br>ထုတ်ပယ်ခြင်း | ၆ |
| ၈ | အခန်း(၈)<br>နုတ်ထွက်ခြင်း | ၇ |
| ၉ | အခန်း(၉)<br>ဖွဲ့စည်းမှု | ၇-၈ |
| ၁၀ | အခန်း(၁၀)<br>သင်းလုံးကျွတ်အစည်းအဝေး | ၈-၁၀ |
| ၁၁ | အခန်း(၁၁)<br>ဥက္ကဋ္ဌ | ၁၀ |

မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | အခန်း(၁၂)<br>ဒုဥက္ကဋ္ဌ | ၁၀-၁၁ |
| ၁၃ | အခန်း(၁၃)<br>အထွေထွေအတွင်းရေးမှူး | ၁၁ |
| ၁၄ | အခန်း(၁၄)<br>ဘဏ္ဍာရေးမှူး | ၁၂ |
| ၁၅ | အခန်း(၁၅)<br>အလုပ်အမှုဆောင်ကော်မတီ | ၁၂-၁၃ |
| ၁၆ | အခန်း(၁၆)<br>အရေးပေါ်ကော်မတီ | ၁၄ |
| ၁၇ | အခန်း(၁၇)<br>ကိုယ်စားပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း | ၁၄ |
| ၁၈ | အခန်း(၁၈)<br>အမြဲတမ်းကော်မတီ | ၁၄-၁၆ |
| ၁၉ | အခန်း(၁၉)<br>တရားရေးအဖွဲ့ | ၁၆ |
| ၂၀ | အခန်း(၂၀)<br>အငြင်းပွားမှုစီရင်ပိုင်ခွင့်အာဏာ | ၁၇ |
| ၂၁ | အခန်း(၂၁)<br>ငွေကြေးကောက်ခံခြင်းနှင့်စည်းကြပ်ခြင်း | ၁၇ |
| ၂၂ | အခန်း(၂၂)<br>ပြိုင်ပွဲယှဉ်ပြိုင်ခြင်း | ၁၇ |
| ၂၃ | အခန်း(၂၃)<br>စာရင်းစစ်ခြင်း | ၁၈ |

မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | အခန်း(၂၄)<br>ပုဒ်မများကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ ကွဲလွဲမှုများ | ၁၈ |
| ၂၅ | အခန်း(၂၅)<br>ဖျက်သိမ်းခြင်း | ၁၈-၁၉ |
| ၂၆ | အခန်း(၂၆)<br>အတည်ပြုလိုက်နာဆောင်ရွက်ခြင်း | ၁၉ |

## အခန်း(၁)

## အမည်၊ ရုံးနှင့် အမှတ်အသား

၁။ အမည်

(က) မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်

Myanmar E-sport Federation

၂။ ရုံး

(က) အမှတ်(၅၂၉)၊ မာလာမြိုင်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ အမှတ်အသား

(က)

## အခန်း(၂)

## ရည်ရွယ်ချက်

၄။ ရည်ရွယ်ချက်

ဤအသင်း၏ ရည်ရွယ်ချက်များမှာ-

(က) မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ အမျိုးသားကျန်းမာရေးကို မြှင့်တင်ပံ့ပိုးဆောင်ရွက်ရာတွင် E-sport အားကစားပြိုင်ပွဲများကို စနစ်တကျစီစဉ်ဆောင်ရွက်။

(ခ) ဒေသတွင်း E-sport အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းနှင့် ဥပဒေများအတိုင်း တိကျစွာလိုက်နာ ကျင်းပကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) အဖွဲ့ဝင်များ၊ ကော်မတီများနှင့် တာဝန်ခံအရာရှိများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိခင်အဖွဲ့အစည်း၊ ဦးဆောင်အဖွဲ့အစည်းတို့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဆုံးဖြတ်ချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်။

## ၅။ လုပ်ငန်းစဉ်များ

(က) မြန်မာနိုင်ငံတွင် E-Sport ကစားနည်းကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အညီမြှင့်တင်ရန်။

(ခ) ၂၀၂၀ တိုကျိုအိုလံပစ်အပါအဝင် Sea Game နှင့် နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန်။

(ဂ) International E-Sport Federation နှင့် ဆက်သွယ်၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းနှင့် စနစ်တကျလေ့ကျင့်နိုင်သော E-Sport Center တည်ဆောက်ခြင်း

(ဃ) မြန်မာနိုင်ငံရှိ E-Sport Club များအား စနစ်ကျသည့် စုစည်းခြင်း။

(င) လေ့ကျင့်မှုကို ပြုလုပ် ခြင်းနှင့် ပြိုင်ပွဲများကျင်းပခြင်း။

(စ) လူငယ်များ E-Sport လေ့ကျင့်ခြင်းနှင့် ဉာဏ်ရည်မြှင့်တင်မှု၊ ကိုယ်ကာယလေ့ကျင့်မှုများကို ပညာပေးဆောင်ရွက်ခြင်း။

(ဆ) International E-Sport Federation လုပ်ထုံး လုပ်နည်းများကို လေ့လာပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ခြင်း။

(ဇ) ပြည်နယ်/တိုင်း မြို့နယ်များတွင် ဝါသနာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း နှင့်ပြိုင်ပွဲများကျင်းပခြင်း။

(ဈ) IT ပညာရှင်များ၊ Software ပညာရှင်များ မွေးထုတ်ခြင်း၊ ဘုတ်အဖွဲ့ဝင်များက အီလက်ထရောနစ် အားကစားသမားအုပ်စုအား ဖွဲ့စည်း၍ ရုံးချုပ်တည်ရှိရာ နေရာ၌ ကျင်းပပေးခြင်း။

(ည) ပြိုင်ပွဲများစီစဉ်ပေးခြင်း၊ ကျင်းပပေးခြင်း။

## အခန်း(၃)

## အဖွဲ့ဝင်ဖြစ်ခြင်း

၆။ အဖွဲ့ဝင်ဖြစ်ခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် အဖွဲ့ဝင်များမှာ တိုင်းဒေသကြီး(သို့) ပြည်နယ်အဖွဲ့အစည်းများဖြစ်၍ နယ်မြေဒေသတစ်ခုတွင် တစ်ဖွဲ့သာ ဖွဲ့စည်းခွင့်ရှိပြီးကလပ်အသင်းများလည်း အဖွဲ့ဝင်ဖြစ်နိုင်ပါသည်။

(ခ) တိုင်းဒေသကြီး(သို့)ပြည်နယ်(အားကစား)အဖွဲ့ချုပ်သည် မြန်မာနိုင်ငံE-sport အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်ပြီး သက်ဆိုင်ရာဒေသအတွင်း(အားကစား) အားကစားလှုပ်ရှားမှုများကို လွတ်လပ်စွာဆောင်ရွက်နိုင်ရမည်။

(ဂ) တိုင်းဒေသကြီး(သို့)ပြည်နယ် E-sport အားကစားအဖွဲ့ချုပ်များအနေဖြင့် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) မိခင်အဖွဲ့အစည်းမှ ထုတ်ပြန်ထားသော ဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ဆုံးဖြတ်ချက်များ အပြည့်အဝ လိုက်နာရန် လိုအပ်ပြီး မိမိအဖွဲ့ဝင်များကိုလည်း လေးစားလိုက်နာစေရန် ကြပ်မတ်ဆောင် ရွက်ရမည်။

(၂) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်စေရမည်။

(၃) မိခင်အဖွဲ့အစည်းမှ ကျင်းပသည့် ပြိုင်ပွဲများနှင့် အားကစားလုပ်ငန်းများတွင် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ရမည်။

(၄) အဖွဲ့ဝင်ကြေး(နှစ်စဉ်ကြေး)ပေးဆောင်ရမည်။

(ဃ) တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်E-sportအားကစားအဖွဲ့ချုပ်များသည် အောက်ပါ ရပိုင်ခွင့်များ ရှိစေရမည်-

(၁) သင်းလုံးကျွတ်အစည်းအဝေးတွင်ပါဝင်တက်ရောက်ခွင့်ရှိသည်။

(၂) သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနား အစီအစဉ်တွင်ပါဝင်ရန် အဆိုပြုလွှာများ ပြုစုတင်ပြခွင့်ရှိသည်။

(၃) မြန်မာနိုင်ငံE-sport အားကစားအဖွဲ့ချုပ်၏ အဖွဲ့အစည်းအရပ်ရပ်တွင် ရွေးချယ်ခံရန် ကိုယ်စားလှယ်အမည် စာရင်းတင်သွင်းခွင့်ရှိသည်။

## အခန်း(၄)

## အဖွဲ့ဝင်အဖြစ်လျှောက်ထားခြင်း

၇။ အဖွဲ့ဝင်အဖြစ်လျှောက်ထားခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ဖြစ်ရန် ဆန္ဒရှိသော အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်သည် အဖွဲ့ချုပ်၏ လက်ရှိဖွဲ့စည်းပုံစည်းမျဉ်းများကို လက်ခံ၍ မလွဲမသွေလိုက်နာပါမည်ဟု ဖော်ပြချက်ပါရှိသော လျှောက်လွှာကိုတင်သွင်းရမည်။

(ခ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များအား မဖြစ်မနေ လိုက်နာလုပ်ဆောင်မည်ဟု အတည်ပြုစာများပူးတွဲတင်သွင်းရမည်-

(၁) အသင်းအဖွဲ့၏ ဖွဲ့စည်းခြင်းနှင့် ကိုက်ညီသည့် အသင်း၏အခြေခံဖွဲ့စည်းပုံစည်းမျဉ်းမိတ္တူ။

(၂) မိခင်အဖွဲ့အစည်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များကို အမြဲကိုးကားလိုက်နာမည်ဖြစ်ပြီး မိမိ၏အဖွဲ့ဝင်အဖွဲ့အစည်းများမှလည်း လိုက်နာရန် ကြတ်မတ်ဆောင်ရွက်မည်ဟု ဖော်ပြချက်။

(၃) လက်ရှိအတည်ပြုလိုက်နာလျက်ရှိသော ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းဥပဒေများကို လိုက်နာမည်ဖြစ်ကြောင်းဖော်ပြချက်။

(၄) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဒေသနယ်ပယ်အတွင်း တည်ရှိပြီး မှတ်ပုံတင်သွင်းရခြင်းဖြစ်ကြောင်း ဖော်ပြချက်။

(၅) နောက်ဆုံးအကြိမ် သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်းမိတ္တူ။

(၆) ပြိုင်ပွဲများနှင့် ချစ်ကြည်ရေးပွဲများ ကျင်းပသည့်အခါ၌လည်းမိခင်အသင်းအဖွဲ့သို့ ကြိုတင်အသိပေး၍ ပြုလုပ်မည်ဖြစ်ကြောင်းဖော်ပြချက်။

(ဂ) အမှုဆောင်အဖွဲ့သည် အဖွဲ့ဝင်အဖြစ် တင်သွင်းလာသော လျှောက်လွှာကို သတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု ကျေနပ်စွာလက်ခံလျှင် အဖွဲ့ဝင်ကြေး ရယူ၍ နောင်လာမည့် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူရန်အတွက် ယာယီအဖွဲ့ဝင်အဖြစ် လက်ခံနိုင်သည်။ ရက်ပေါင်း(၆၀)အတွင်း စာဖြင့် တရားဝင်ကန့်ကွက်မှုများရှိခဲ့ပါက သင်းလုံးကျွတ်အစည်းအဝေးတွင် မဲခွဲ ဆုံးဖြတ်မည်။

(ဃ) သင်းလုံးကျွတ်အစည်းအဝေးက အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို လက်ခံခြင်း မပြုရန် ဆုံးဖြတ်လျှင် အဖွဲ့ဝင်ကြေးပေးသွင်းငွေကို ပြန်လည်ထုတ်ပေးရမည်။

## အခန်း(၅)

## အဖွဲ့ဝင်များ၏ရပိုင်ခွင့်

၈။ အဖွဲ့ဝင်များ၏ ရပိုင်ခွင့်

မြန်မာနိုင်ငံE-sport အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်များသည် အောက်ပါရပိုင်ခွင့်များ ရှိစေရမည်-

(က) မြန်မာနိုင်ငံE-sport အားကစားအဖွဲ့ချုပ်၏ သင်းလုံးကျွတ်အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ရှိသည်။

(ခ) သင်းလုံးကျွတ်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အဆိုပြုလွှာ တင်သွင်းခွင့်ရှိသည်။

(ဂ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အဖွဲ့ငယ်များတွင် ပါဝင်အရွေးချယ် ခံနိုင်ရန် ကိုယ်စားလှယ်အမည်များ တင်ပြခွင့်ရှိသည်။

(ဃ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်မှ ကျင်းပသည့်ပြိုင်ပွဲများနှင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ယှဉ်ပြိုင်ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၆)

## ယာယီရပ်ဆိုင်းခြင်း

၉။ ယာယီရပ်ဆိုင်းခြင်း

(က) အဖွဲ့ဝင်များကို ယာယီရပ်ဆိုင်းရန် သင်းလုံးကျွတ်အစည်းအဝေးမှသာ တာဝန်ရှိသည်။

(ခ) ယာယီရပ်ဆိုင်းခြင်းခံရသော အဖွဲ့ဝင်သည် မိမိ၏ရပိုင်ခွင့်များဆုံးရှုံးခံရမည်။

(ဂ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်မှ ကျင်းပသော ပြိုင်ပွဲများ၌ (၂)နှစ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ရန် ပျက်ကွက်ပါက သင်းလုံးကျွတ်အစည်းအဝေးတွင် မဲပေးခွင့်ရရှိမည်မဟုတ်ပါ။

## အခန်း(၇)

## ထုတ်ပယ်ခြင်း

၁၀။ ထုတ်ပယ်ခြင်း

သင်းလုံးကျွတ်အစည်းအဝေးသည် အဖွဲ့ဝင်(၁)ဦးအား အောက်ပါအချက်များအရ ထုတ်ပယ်နိုင်သည်-

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်သို့ ပေးရန်ရှိသော ငွေကြေးများကို မပေးဆောင်ခြင်း။

(ခ) မိခင်အဖွဲ့အစည်း(ISF & CSF) တို့မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ (သို့မဟုတ်) ဆုံးဖြတ်ချက်များကို ဆိုးဝါးစွာဖောက်ဖျက်ကျူးလွန်ခြင်း။

(ဂ) အဖွဲ့ဝင်အဖွဲ့ချုပ်မှ ထုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ သင်းလုံးကျွတ်အစည်းအဝေးတွင် မဲပေးခွင့်ရှိသူ အဖွဲ့ဝင်ထက်ဝက်ကျော် (၅၀% + ၁)တက်ရောက်ပြီး မဲပေးရာတွင် (လေးပုံသုံးပုံ)ထောက်ခံမဲပေးမှသာ ထုတ်ပယ်ခြင်းကို အတည်ပြုနိုင်သည်။

## အခန်း(၈)

## နှုတ်ထွက်ခြင်း

၁၁။ နှုတ်ထွက်ခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်မှ နှုတ်ထွက်လိုသည့် အဖွဲ့ဝင်သည် တရားဝင်နှုတ်ထွက်နိုင်သည်။ နှုတ်ထွက်ခွင့်အကြောင်းကြားစာကို အထွေထွေ အတွင်းရေးမှူးရုံးသို့ ပေးပို့ရမည်။

(ခ) နှုတ်ထွက်လိုသည့် အဖွဲ့ဝင်သည် မြန်မာနိုင်ငံ(အားကစား)အဖွဲ့ချုပ်နှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများသို့ ပေးရန်ရှိသည့်ငွေများကို ပေးချေပြီး အလုပ်အမှုဆောင်အဖွဲ့က နှုတ်ထွက်ခွင့်ပြုမှသာလျှင် နှုတ်ထွက်ခြင်းသည် တရား ဝင်သည်။

## အခန်း(၉)

## ဖွဲ့စည်းမှု

၁၂။ ဖွဲ့စည်းမှု

(က) သင်းလုံးကျွတ်အစည်းအဝေးသည် အဆင့်မြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး ဥပဒေစည်းမျဉ်းများ ချမှတ်အတည်ပြုနိုင်သော အဖွဲ့ဖြစ်သည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ငန်းများ စီမံအုပ်ချုပ်အကောင်အထည်ဖော် ဆောင်ရန် အဆုံးအဖြတ်ပေးသည့်အဖွဲ့ဖြစ်သည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် မှန်ကန်စွာအဆုံးအဖြတ်ပေးနိုင်ရန် အမြဲတမ်း နှင့်ယာယီကော်မတီများမှ အကြံဉာဏ်ပေးခြင်း၊ ကျိုးကြောင်းဖော်ပြ၍ တင်ပြ ခြင်းများပြုလုပ်ရမည်။

(ဃ) အထွေထွေအတွင်းရေးမှူးရုံးအဖွဲ့သည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက် ရသော အဖွဲ့ဖြစ်သည်။

(င) တရားရေးဆိုင်ရာအဖွဲ့သည် စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် အယူခံ ကော်မတီတို့ဖြစ်သည်။

(စ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏အဖွဲ့ အသီးသီးကို မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြင်ပစွက်ဖက်မှုမပါဘဲဖွဲ့စည်းရမည်။

(ဆ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးရုံးအဖွဲ့မှ အပ ကျန်အဖွဲ့များ၏ သက်တမ်းသည်(၂)နှစ်ဖြစ်သည်။

(ဇ) အနားယူသွားသော အရာရှိများသည် ပြန်လည်အရွေးခံပိုင်ခွင့်ရှိသည်။

**အခန်း(၁၀)**

**သင်းလုံးကျွတ်အစည်းအဝေး**

၁၃။ သင်လုံးကျွတ်အစည်းအဝေး

(က) သင်းလုံးကျွတ်အစည်းအဝေးသည် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အဆင့်မြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။ ပုံမှန်သင်းလုံးကျွတ်အစည်းအဝေးကို (၁)နှစ်လျှင်တစ်ကြိမ်ကျင်းပရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အထူး သင်းလုံးကျွတ်အစည်းအဝေးကို အချိန်မရွေးခေါ်ယူနိုင်သည်။

(ဂ) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်အဖွဲ့ဝင်တိုင်းသည် မဲပေးခွင့်ရှိသည်။

(ဃ) စာဖြင့်မဲပေးခြင်း (သို့မဟုတ်) ကိုယ်စားလှယ်လွှဲ၍မဲပေးခြင်းကို ခွင့်မပြု။

(င) သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည့် နေရာ၊ နေ့ရက်တို့ကိုအဖွဲ့ဝင်များထံ (၃)လကြိုတင်၍ မှတ်ပုံတင်စာဖြင့် အကြောင်းကြားရမည်။

(စ) သင်းလုံးကျွတ်အစည်းအဝေးသို့ တင်ပြလိုသော အဆိုပြုချက်များနှင့် မေးခွန်း များကို အဖွဲ့ဝင်များက မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးရုံးသို့ အစည်းအဝေးမတိုင်မီ အနည်းဆုံး(၂)လ ကြိုတင်၍ စာဖြင့် ပေးပို့ရမည်။

(ဆ) ပုံမှန်သင်းလုံးကျွတ်အစည်းအဝေးတစ်ရပ်၏ အစီအစဉ်၌ အောက်ပါအချက်များ ပါဝင်ရမည်-

(၁) ဥက္ကဋ္ဌအဖွင့်မိန့်ခွန်း

(၂) သင်းလုံးကျွတ်အစည်းအဝေး၏ တရားဝင်မှတ်တမ်းများကို စစ်ဆေးမည့် အဖွဲ့ဝင်(၃)ဦးခန့်ထားခြင်း။

(၃) မဲပေးခြင်းလုပ်ငန်းများကို ကြီးကြပ်ရန် အဖွဲ့ဝင်များခန့်ထားခြင်း။

(၄) ပြီးခဲ့သည့်သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်းများကို အတည်ပြုခြင်း။

(၅) ပြီးခဲ့သည့် သင်းလုံးကျွတ်အစည်းအဝေးမှ ယခုသင်းလုံးကျွတ်အစည်းအဝေးအထိ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ။

(၆) ရငွေ/သုံးငွေ စာရင်းနှင့် လက်ကျန်ရှင်တမ်းတင်သွင်းခြင်း။

(၇) ပြင်ပမှ လွတ်လပ်သော စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ချက်အစီရင်ခံစာ အပေါ်မဲပေးအတည်ပြုခြင်း။

(၈) ရသုံးမှန်းခြေငွေစာရင်းတင်ပြခြင်း။

(၉) အဖွဲ့ဝင်အသစ်များ၊ လက်ခံခြင်း (သို့မဟုတ်) နုတ်ထွက်ခွင့်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် သင်းလုံးကျွတ်အစည်းအဝေး၏ အမြဲတမ်းညွှန်ကြားချက်များနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ခြင်း။

(၁၀) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြုပြင်ပြောင်းလဲရန် အဆိုပြုခြင်းများအပေါ် စဉ်းစားညှိနှိုင်းဆုံးဖြတ်ခြင်း။

(၁၁) အဖွဲ့ဝင်အဖွဲ့အစည်းများမှ မေးမြန်းချက်များနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုလိုသောတင်ပြချက်များ။

(၁၂) အဖွဲ့ချုပ်၏ စာရင်းပိုင်ဆိုင်ရာများကို စစ်ဆေးရန်နှင့် အတည်ပြုရန် မှတ်ပုံတင်စာရင်းကိုင်များခန့်အပ်ခြင်း။

(၁၃) လိုအပ်ပါက ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်း။

(၁၄) အထူးသင်လုံးကျွတ်အစည်းအဝေးကို ခေါ်ယူသည့်အခါ ဖိတ်ကြားစာနှင့် အတူ အစည်းအဝေးအစီအစဉ်ကို တစ်ပါတည်းပူးတွဲပေးပို့ရမည်။ အစီအစဉ်တွင် ပါဝင်သည့် အချက်များကိုသာ ဆွေးနွေးမည်ဖြစ်ပါသည်။

(၁၅) သင်းလုံးကျွတ်အစည်းအဝေးကသာလျှင် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းပါအချက်များကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

(၁၆) ရွေးချယ်ပွဲများတွင် လျှို့ဝှက်မဲစနစ်ကို ကျင့်သုံးရမည်။

(၁၇) အထွေထွေအတွင်းရေးမှူးသည် သင်းလုံးကျွတ်အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်။

## အခန်း(၁၁)

## ဥက္ကဋ္ဌ

၁၄။ ဥက္ကဋ္ဌ

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌသည် အဖွဲ့ချုပ်ကို ကိုယ်စားပြုသည်။ သင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အစည်းအဝေးများကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) သင်းလုံးကျွတ်အစည်းအဝေးတိုင်းတွင် ဥက္ကဋ္ဌသည် အဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်ချက်အစီရင်ခံစာများနှင့် လာမည့် သင်းလုံးကျွတ်အစည်းအဝေးအထိ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို တင်ပြနိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌကိုသော်လည်းကောင်း၊ ယင်းသို့မဖြစ်နိုင်လျှင် အခြားအရာရှိတစ်ဦးဦးကိုသော်လည်းကောင်း၊ အရေးကြီးအခမ်းအနား၊ အစည်းအဝေးများသို့ မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် ကိုယ်စားပြုတက်ရောက်ရန် တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၁၂)

## ဒုတိယဥက္ကဋ္ဌ

၁၅။ ဒုတိယဥက္ကဋ္ဌ

(က) ဒုတိယဥက္ကဋ္ဌ (၄)ဦးခန့်ထားနိုင်သည်။

(ခ) ဒုတိယဥက္ကဋ္ဌ(၁)သည် ဥက္ကဋ္ဌအနေဖြင့် အစည်းအဝေးအခမ်းအနား မတက်ရောက်နိုင်သည့်အခါနှင့် ယင်းသို့တက်ရောက်ရန် အခြားကိုယ်စားလှယ်ကို ခန့်ထားခြင်းမရှိသည့်အခါများတွင် ဥက္ကဋ္ဌကိုယ်စား တက်ရောက်ရမည်။

## အခန်း(၁၃)

## အထွေထွေအတွင်းရေးမှူး

၁၆။ အထွေထွေအတွင်းရေးမှူး

(က) အထွေထွေအတွင်းရေးမှူး သည် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များ မှန်ကန်ထိရောက်စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရန် ခန့်အပ်ထားသော အရာရှိတစ်ဦး ဖြစ်သည်။

(ခ) တာဝန်ဝတ္တရားများမှာ -

(၁) သင်းလုံးကျွတ်အစည်းအဝေးကျင်းပရန် ပြင်ဆင်ခြင်း။

(၂) သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်း၊ ဖြန့်ဝေခြင်း။

(၃) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးဖြစ်မြောက်ရန်ပြင်ဆင်ခြင်း။

(၄) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းခြင်း။

(၅) ယာယီအဖွဲ့ဝင်အဖြစ် လက်ခံရန် လုပ်ငန်းအဆင့်ဆင့်ကိုဆောင်ရွက်ခြင်း။

(၆) အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် စာပေးစာယူကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ခြင်း။

(၇) အလုပ်အမှုဆောင်အဖွဲ့ရုံးလုပ်ငန်းအား ကြီးကြပ်ခြင်း။

(၈) အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များထံ လိုအပ်သောအချက်အလက်များကို အချိန်တပြေးညီဖြန့်ဝေခြင်း။

## **အခန်း(၁၄)**

## **ဘဏ္ဍာရေးမှူး**

၁၇။ ဘဏ္ဍာရေးမှူး

(က) ဘဏ္ဍာရေးမှူးသည် ဥက္ကဋ္ဌအား တာဝန်ခံ၍ ဘဏ္ဍာရေးနှစ်အရ ရ/သုံးအသုံး ဆိုင်ရာငွေစာရင်းများ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျရှိစေရန် ထိန်းသိမ်း ဆောင်ရွက်ရမည်။

(ခ) တာဝန်ဝတ္တရားများမှာ-

(၁) ရငွေနှင့် အသုံးစရိတ်စာရင်းများထားရှိခြင်း။

(၂) လက်ကျန်ရှင်းတမ်းများ ထိန်းသိမ်းထားရှိခြင်း။

(၃) အဖွဲ့ဝင်များနှင့် စပ်လျဉ်းသည့် စာရင်းများထားရှိခြင်း။

(၄) ရသုံးငွေစာရင်းပါ ခေါင်းစဉ်များအတိုင်း စာရင်းထားရှိခြင်း။

(၅) သင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အစည်းအဝေးသို့ တင်ပြရန် လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပြုစုခြင်း။

(ဂ) နှစ်စဉ်အသေးစိတ်ရ/သုံးငွေစာရင်းကို ပြုစု၍ အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြ အတည်ပြုချက်ရယူရမည်။

(ဃ) ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာနှင့် စာရင်းစစ်ဆေးအတည်ပြုပြီးဖြစ်သည့် ငွေစာရင်းများကို အလုပ်အမှုဆောင်အဖွဲ့သို့ နှစ်စဉ်တင်ပြပြီး သင်းလုံးကျွတ် အစည်းအဝေးသို့ နှစ်စဉ်တင်ပြရမည်။

## အခန်း(၁၅)

## အလုပ်အမှုဆောင်ကော်မတီ

၁၈။ အလုပ်အမှုဆောင်ကော်မတီ

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါ အတိုင်းဖွဲ့စည်းရမည်-

(၁) ဥက္ကဋ္ဌ (၁)ဦး

(၂) ဒုတိယဥက္ကဋ္ဌ (၄)ဦး

E-sport နယ်ပယ်တစ်ခုစီမှ (၁)ဦးနှုန်း

(၃) အဖွဲ့ဝင် (၃၁)ဦး

၎င်းတွင် ပြည်နယ်နှင့်တိုင်း E-sports Organizer (၂၁)ဦးပါဝင် ဖွဲ့စည်းရပါမည်။ အခြား E-sport နယ်ပယ်များမှ အဖွဲ့ဝင်(၁၀)ဦးပါဝင်ရပါမည်။ စတင်ဖွဲ့စည်းချိန်ဖြစ်၍ ဖြစ်ပါသည်။

(ခ) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို သင်းလုံးကျွတ်အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံနိုင်ရန်အတွက် ကိုယ်စားလှယ်လောင်း အသီးသီးကို အဖွဲ့ဝင်အဖွဲ့အစည်းအနည်းဆုံး(၂)ဦးမှ အဆိုပြုရမည်။

(ဃ) ကိုယ်စားလှယ်လောင်းသည် ရွေးချယ်ခံနိုင်ရန် ပထမအကြိမ် လျှို့ဝှက်မဲပေးရာတွင် တရားဝင်မဲထက်ဝက်ကျော်ရရှိရန်လိုအပ်သည်။ သို့ရာတွင် ဒုတိယအကြိမ်နှင့် လိုအပ်၍ ဆက်လက်မဲခွဲရပါက မဲအများစုရရှိလျှင် လုံလောက်သည်။

(င) လစ်လပ်သောတစ်နေရာအတွက် ကိုယ်စားလှယ်လောင်း(၂)ဦးထက်ပိုနေပါက မဲအနည်းဆုံးရရှိသူကိုယ်စားလှယ်ကို ဒုတိယအကြိမ် လျှို့ဝှက်မဲပေးရာမှ စတင်၍ ဖယ်ရှားပြီး ကိုယ်စားလှယ်(၂)ဦး ကျန်သည်အထိဆက်လက်မဲပေးရွေးချယ်ရမည်။

(စ) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ သက်တမ်းသည် (၂)နှစ်ဖြစ်သည်။ ၎င်းတို့သည် ပြန်လည်ရွေးချယ်ခံခွင့်ရှိသည်။

(ဆ) အထွေထွေအတွင်းရေးမှူးအကြောင်း တစ်စုံတစ်ရာကြောင့် တာဝန်မထမ်းဆောင်နိုင်ပါက အလုပ်အမှုဆောင်အဖွဲ့မှ ယာယီအထွေထွေအတွင်းရေးမှူး(၁)ဦးခန့်အပ်တာဝန်ပေးနိုင်သည်။

## အခန်း(၁၆)

## အရေးပေါ်ကော်မတီ

၁၉။ အရေးပေါ်ကော်မတီ

(က) အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင်အစည်းအဝေး၏ ကြားကာလအတွင်း ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များပေါ်ပေါက်လာပါက အရေးယူဆောင်ရွက်ရန်အလို့ငှာ အဖွဲ့ဝင်(၅)ဦးပါဝင်သော အရေးပေါ်ကော်မတီကို ခန့်အပ်နိုင်သည်။ အဖွဲ့ကို ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့မှ (၃)ဦးပါဝင်ရမည်။

(ခ) အရေးပေါ်ကော်မတီသည် အထူးအစည်းအဝေးများကျင်းပ၍သာ လုပ်ငန်းများကို ဆုံးဖြတ်ဆောင်ရွက်ရမည်။

## အခန်း(၁၇)

## ကိုယ်စားပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၂၀။ ကိုယ်စားပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းမှာ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်အား တရားဝင်ကိုယ်စားပြုသူဖြစ်ပြီး၊ အဖွဲ့ချုပ်ကိုယ်စား လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသည်။ ဥက္ကဋ္ဌမရှိချိန်၌ အရေးကြီးကိစ္စရပ်များအတွက် အဖွဲ့ချုပ်ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပူးတွဲလက်မှတ်ရေးထိုးခွင့်ရှိစေရန် အလုပ်အမှုဆောင်အဖွဲ့အတွင်း လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရမည်။

## အခန်း(၁၈)

## အမြဲတမ်းကော်မတီ

၂၁။ အမြဲတမ်းကော်မတီများမှာ-

(က) ဘဏ္ဍာရေးကော်မတီ

(ခ) ပြိုင်ပွဲကျင်းပရေးကော်မတီ

(ဂ) ဒိုင်လူကြီးကော်မတီ

(ဃ) နည်းစနစ်ကော်မတီ

(င) ကျန်းမာရေးနှင့် တားမြစ်ဆေးဝါးကော်မတီ

(က) ဘဏ္ဍာရေးကော်မတီ

ဘဏ္ဍာရေးကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃)ဦးကို အလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်တာဝန်ပေးရမည်။ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အဖွဲ့ချုပ်၏ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုကို ထိန်းသိမ်းကြီးကြပ်ရန်။

(၂) အဖွဲ့ချုပ်၏ပိုင်ဆိုင်မှုများကို စနစ်တကျအုပ်ချုပ်စီမံခန့်ခွဲနိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ကို အကြံပြုရန်။

(၃) အမှုဆောင်အဖွဲ့၏ ရသုံးငွေစာရင်းကို ပြုစုပေးရန်နှင့် အခြားအမြဲတမ်းကော်မတီများနှင့် ယာယီကော်မတီများ၏ ရသုံးငွေစာရင်းများကို စီစစ်၍ အလုပ်အမှုဆောင်အဖွဲ့သို့ အတည်ပြုနိုင်ရေးအတွက် တင်ပြရန်။

(၄) ကော်မတီများ၏ ဘဏ္ဍာရေးစာရင်းများနှင့် စပ်လျဉ်း၍ ကြီးကြပ်ရန်နှင့် စစ်ဆေးအတည်ပြုပြီးသော ကိစ္စရပ်များအတွက် အထွေထွေအတွင်းရေးမှူးမှ ငွေပေးချေနိုင်ရေးအခွင့်အာဏာပေးအပ်ရန်။

(ခ) ပြိုင်ပွဲကျင်းပရေးကော်မတီ

ပြိုင်ပွဲကျင်းပရေးကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လိုအပ်သည့်အဖွဲ့ဝင်များကို အလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်တာဝန်ပေးရမည်။

(၁) ကော်မတီသည် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြိုင်ပွဲများကျင်းပရေးကြီးကြပ်ပေးရန် တာဝန်ရှိသည်။

(၂) ကော်မတီသည် ပြိုင်ပွဲကျင်းပရေးဆိုင်ရာစည်းမျဉ်းများကို ပြင်ဆင်ရန် လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြပိုင်ခွင့်ရှိသည်။

(၃) ကော်မတီသည် ဦးစီးကျင်းပသောပြိုင်ပွဲတိုင်းအတွက် အစီရင်ခံစာပြုစုရန် တာဝန်ရှိသည်။

(ဂ) ဒိုင်လူကြီးကော်မတီ

ဒိုင်လူကြီးကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လိုအပ်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။ ကော်မတီ၏တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဒိုင်လူကြီးများနှင့် ဒိုင်နည်းပြများအတွက် သင်တန်းများပြုလုပ်ပေးရန်။

(၂) ဒိုင်လူကြီးကြီးကြပ်များ လေ့ကျင့်မွေးထုတ်၍ စာရင်းပြုစုတာဝန်ပေးရန်။ ပြိုင်ပွဲများသို့ တာဝန်ချထားပေးရန်။

(ဃ) နည်းစနစ်ကော်မတီ

နည်းစနစ်ကော်မတီဝင် ဥက္ကဌ၊ ဒုတိယဥက္ကဌနှင့်လိုအပ်သော အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အရည်အချင်းပြည့်မီသော နည်းပြဆရာများ ပေါ်ထွန်းလာရေးအတွက် ခေတ်မီတိုးတက်သည့် လေ့ကျင့်မှုအစီအစဉ်များ အသုံးချလေ့ကျင့်နိုင်ရေး စီစဉ်ရန်။

(၂) လူငယ်တိုးတက်ရေးစီမံကိန်းအစီအစဉ်များခေတ်နှင့် အညီရေးဆွဲ အကောင် အထည်ဖော်ဆောင်ရွက်ရန်။

## အခန်း (၁၉)

## တရားရေးအဖွဲ့

၂၂။ မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် တရားရေးအဖွဲ့များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(၁) စည်းကမ်းထိန်းသိမ်းရေးကော်မတီတွင် ဥက္ကဌ၊ ဒုတိယဥက္ကဌနှင့် လိုအပ် သောအဖွဲ့ဝင်အရေအတွက်ပါဝင်ရမည်။ ဥက္ကဌနှင့် ဒုတိယဥက္ကဌတို့သည် ဥပဒေရေးရာကျွမ်းကျင်လိမ္မာမှုရှိရမည်။

(၂) ကော်မတီ၏လုပ်ငန်းများကို နိုင်ငံတကာE-sport အားကစားအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးစည်းမျဉ်းများနှင့်အညီဆောင်ရွက်ရမည်။

(ခ) အယူခံကော်မတီ

(၁) အယူခံကော်မတီကို ဥက္ကဌ၊ ဒုတိယဥက္ကဌနှင့် လိုအပ်သောအဖွဲ့ဝင်အရေ အတွက်ဖြင့် ဖွဲ့စည်းနိုင်သည်။ ဥက္ကဌနှင့်ဒုတိယဥက္ကဌသည် ဥပဒေရေးရာ ကျွမ်းကျင်လိမ္မာသူများဖြစ်ရမည်။ ကော်မတီ၏ လုပ်ငန်းများကို နိုင်ငံတကာ E-sport အားကစားအဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စည်း မျဉ်းနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂၀)

## အငြင်းပွားမှုစီရင်ပိုင်ခွင့်အာဏာ

၂၃။ အငြင်းပွားမှုစီရင်ပိုင်ခွင့်အာဏာ

မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်အသင်းအဖွဲ့များအကြားဖြစ်ပွားသော အငြင်းပွားမှုများနှင့် ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများတွင် ချွင်းချက်ပြုထားသော ကိစ္စရပ်များမှအပ အငြင်းပွားမှုအားလုံးကို သာမန်တရားရုံးများသို့ သွားရောက်ခြင်းမပြုဘဲ၊ မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်မှ ဖွဲ့စည်းထားသော အနုညာတခုံရုံးများတွင်သာ လျှောက်ထားဖြေရှင်းရမည်။

## အခန်း(၂၁)

## ငွေကြေးကောက်ခံခြင်းနှင့် စည်းကြပ်ခြင်း

၂၄။ ငွေကြေးကောက်ခံခြင်းနှင့် စည်းကြပ်ခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ဘဏ္ဍာရေးနှစ်သည် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိဖြစ်သည်။

(ခ) အဖွဲ့ဝင်အသင်းအဖွဲ့များက ပေးဆောင်ရမည့် ငွေကြေးစည်းကြပ်မှုကို သင်းလုံးကျွတ်အစည်းအဝေးက သတ်မှတ်ရမည်။

(ဂ) လက်ရှိအချိန် ငွေကြေးမကောက်သေးပါ။ အဖွဲ့ဝင်များအား Organizer များမှ စည်းရုံးဆောင်ရွက်နေချိန်ဖြစ်သည်။

## အခန်း(၂၂)

## ပြိုင်ပွဲယှဉ်ပြိုင်ခြင်း

၂၅။ ပြိုင်ပွဲယှဉ်ပြိုင်ခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် မိမိနယ်နိမိတ်အတွင်း တရားဝင် E-sport အားကစားပြိုင်ပွဲများကို ကျင်းပပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ဒေသတွင်း E-sport အားကစားပြိုင်ပွဲများ ကျင်းပခွင့်ကို E-sport အားကစားအဖွဲ့ချုပ်၏ လက်အောက်အဖွဲ့အစည်းများသို့ လွှဲအပ်နိုင်သည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့သည် ဤကိစ္စနှင့်ပတ်သက်၍ စည်းမျဉ်း/စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

## အခန်း(၂၃)

## စာရင်းစစ်ခြင်း

၂၆။ စာရင်းစစ်ခြင်း

(က) ရငွေများ၊ သုံးငွေများနှင့် လက်ကျန်ရှင်းတမ်းများကို စာရင်းစစ်အဖွဲ့နှင့် နှစ်စဉ် စစ်ဆေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် စာရင်းစစ်ကို သင်းလုံးကျွတ်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်။

(ဂ) စာရင်းစစ်သည် အရည်အချင်းပြည့်မီသူဖြစ်ပြီး စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ အသိအမှတ်ပြုထားသည့် စာရင်းစစ်အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်ရမည်။

## အခန်း(၂၄)

## ပုဒ်မများကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ကွဲလွဲမှုများ

၂၇။ အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(က) ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေတွင် ဖော်ပြထားခြင်းမရှိသော အကြောင်းအရာများနှင့် မည်သည့်ဥပဒေပုဒ်မမဆိုတို့အပေါ် အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပြီး အထွေထွေညီလာခံခေါ်ယူဆုံးဖြတ်ခြင်း မပြုနိုင်ပါက အလုပ်အမှုဆောင်ကော်မတီ အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

## အခန်း(၂၅)

## ဖျက်သိမ်းခြင်း

၂၈။ ဖျက်သိမ်းခြင်း

(က) မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်ကို ဖျက်သိမ်းလိုသည့် အထူးကိစ္စရပ် အနေဖြင့်ခေါ်ယူကျင်းပသော အထွေထွေညီလာခံမှ ဖျက်သိမ်းနိုင်သည်။ အဆိုပါ ကိစ္စရပ်အတွက် ရက်ပေါင်း(၆၀)ရက် ကြိုတင်အသိပေးပြီး မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ မဲဆန္ဒအပြည့်အဝပေးပိုင်ခွင့်ရှိသော ကိုယ်စားလှယ်အဖွဲ့ ဝင်၏ (၂)ပုံ(၃)ပုံတို့၏ ဆန္ဒသဘောထားဖြင့်သာ ဖျက်သိမ်းပိုင်ခွင့်ရှိသည်။

(ခ) အဆိုပါ မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် ဖျက်သိမ်းရန်ကိစ္စရပ်အတွက် အထူးကော်မတီတစ်ရပ်ကို အထွေထွေညီလာခံက ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် ဖျက်သိမ်းရန် ကိစ္စရပ်များဆောင်ရွက်ပြီးချိန်တွင် ကျန်ရစ်သည့် မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ်၏ ပိုင်ဆိုင် ခွင့်များ ပေးရန်/ရရန်များနှင့် ပတ်သက်၍ နောက်ဆုံးအပြည့်အဝရှင်းလင်းဆောင်ရွက်ရမည်။

**အခန်း (၂၆)**

**အတည်ပြုလိုက်နာဆောင်ရွက်ခြင်း**

၂၉။ ယခုဖွဲ့စည်းပုံစည်းမျဉ်းဥပဒေသည် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ၊ (၁၆)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သည့် အလုပ်အမှုဆောင်အဖွဲ့နှင့် organizer အစည်း အဝေးမှ အတည်ပြု၍ ယခင်ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေအဟောင်းကို ပယ်ဖျက်ပြီးလည်းဖြစ်ပါသည်။

ရက်စွဲ ၁၆-၉-၂၀၁၈

နေရာ အဖွဲ့ချုပ်ရုံး

အမှတ် (၅၂၉)၊ မာလာမြိုင်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံ E-sport အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ကိုယ်စားပြုလျက်

**ဥက္ကဋ္ဌ (ယာယီ)**